
www.burmeseclassic.com

နမော ဗုဒ္ဓါယ အရဟံ

# ဥဏ္ဏာလုံမွေ့ရှင်တော်

## သဘာဝလိုဏ်ဂူဘုရား



ကလောမြို့နယ်၊ မြင်းမထိရွာ


ဥဏ္ဏာလုံမွေ့ရှင်တော် သဘာဝလိုဏ်ဂူဘုရားသမိုင်း

www.burmeseclassic.com

www.burmeseclassic.com

# ဥဏ္ဏာလုံမွေ့ရှင်တော်

## သဘာဝလိုဏ်ဂူဘုရား



ကလောမြို့နယ်၊ မြင်းမထိရွာ

ဥဏ္ဏာလုံမွေ့ရှင်တော် သဘာဝလိုဏ်ဂူဘုရားသမိုင်း

www.burmeseclassic.com

www.burmeseclassic.com




၂။ လိုဏ်ဂူတော်အဝင်



၁။ လိုဏ်ဂူတော်အဝင် အတွင်းဘက်

www.burmeseclassic.com

# မြင်းမထိ သဘာဝလိုဏ်ဂူဘုရား ဂူလမ်းကြောင်းမြေပုံ





ဂူအတွင်းလမ်းအရှည်ပေ - ၁၀၂၈ပေ




၁။ မြင်းမထိလိုဏ်ဂူအဝင်မုခ်

www.burmeseclassic.com




၆။ ရသေ့ဖိုလ်ဝင်ဂူ ရာစုနှစ်အလိုက်ဘုရားများ



၇။ နတ်သမီး သနပ်ခါးကျောက်ပျဉ်


www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



၆။ ရှေးဟောင်းသမိုင်းဝင် လက်ဆောင်ခံစေတီ

၇။ သီရိဓမ္မာသောကမင်းကြီးတည်ထားခဲ့သော
ရှေးဟောင်းသမိုင်းဝင် ဥဏ္ဏာလုံမွေရှင်တော် စေတီတော်မြတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

# ဥဏှာလုံ့မွေ့ရှင်တော် ဂါထာတော်ကြီး


(ပထမ ဂါထာ)

ဩြောင်း. ဟေ. ဟေ. တိသျှတ္တ. တိသျှတ္တ. ဗန္ဓတ္တ. ဗန္ဓတ္တ. ဓာရေယျ. ဓာရေယျ. နိဝါရေယျ. နိဝါရေယျ. နိရုဒ္ဓေယျ. နိရုဒ္ဓေယျ. ပြဟ္မ ဒတ္တံ. ပြဟ္မ ဒတ္တံ ဒေဝ ဒတ္တံ. ဒေဝ ဒတ္တံ. ဥဏှာလောမာ မုနိသွားဟုံဟုံ ။

(ဒုတိယ ဂါထာ)

ဩြောင်း. ဂုရုတေ. ဂုရုတေ. ဆိန္ဒန္တု. ဆိန္ဒန္တု. ဘိန္ဒန္တု. ဘိန္ဒန္တု. ဝိဓံသေန္တု. ဝိဓံသေန္တု. အတ္တဂ်မိသု. အတ္တဂ်မိသု. ပြဟ္မဒတ္တံ. ပြဟ္မဒတ္တံ. ဒေဝ ဒတ္တံ. ဒေဝ ဒတ္တံ. ဥဏှာလောမမုနိ. သဗ္ဗေ အန္တရာယော. ဝိနဿန္တု. အသေသတော ။

နေ့စဉ် အိပ်ရာဝင် အိပ်ရာထ ရွတ်ဖတ် သရဇ္ဈာယ်လျှင် အန္တရာယ်ကင်း၏ ဥပဒ်အန္တရာယ်ဖြစ်လျှင် လူမမာ ခေါင်းရင်းကပြင်းထန်သောအသံနှင့် ရွတ်ပါက ရောဂါပျောက်၏




www.burmeseclassic.com



၉။ ရေပေါ်နဂါးရုံ ဓာတ်တော်ရှင်လာဘမုနိဘုရား


www.burmeseclassic.com




၁၀။ ဂူအလယ်ရှိကျောက်မဟာဗောဓိပင်

www.burmeseclassic.com

www.burmeseclassic.com



၁၁။ မြတ်စွာဘုရား ဒေသစာရီကြွချီတော်မူပုံ



၁၂။ ကျောက်ဖားအနီးရှုခင်း

www.burmeseclassic.com



၁၃။ ရွှေဟသ်ာ နှင့် ဆင်ဖြူတော်ပုံ

www.burmeseclassic.com



၁၄။ အနော်ရထာမင်းတည်ထားကိုးကွယ်ခဲ့သော စေတီနှင့်

www.burmeseclassic.com



၁၅။ အနော်ရထာမင်း တည်ထားကိုးကွယ်ခဲ့သော စေတီနှင့်
နှစ်ကျိတ်ရှစ်ဆူ ရုပ်ပွားတော်များ (ဒုတိယ အဆင့်)



၁၆။ သဘာဝလိုဏ်ဂူ အထွက်

www.burmeseclassic.com
www.burmeseclassic.com



၁၇။ ရင်ပြင်ပေါ်ရှိ ပုဂံခေတ် ရှေးဟောင်းရုပ်ပွားတော်များ




၁၈။ လိုဏ်ဂူအပြင်ဘက် နဂါးရုံဘုရား

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



၁၉။ ကျန်စစ်သားမြင်းနှင့် ခုန်ကျော်ခဲ့သော မြင်းမထိတောင်တော်ပုံ



၂၀။ ဓာတ်တော်ရှင်လာဘမုနိဘုရား

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၀ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်လျက်ရှိသော ဥဏ္ဏာလုံမွေရှင်တော်စေတီသဘာဝလိုက်ဂူဘုရားဂေါပကအဖွဲ့ဝင်များ

နောက်တန်း ဝဲ - ယာ - ကိုထွန်းပေါ် (လုံခြုံရေး)၊ ဦးအောင်မင်း (စာရင်းစစ်)၊ ဦးစံမြ (စာရင်းစစ်)၊ ဦးလှထွန်း (ဘဏ္ဍာရေးမှူး)
ဦးသန်းထွေး (အတွင်းရေးမှူး)၊ ကိုကျော်လှိုင် (လုံခြုံရေးမှူး)၊ ကိုကျော်စွာဝင်း (မီးစက်မောင်း)

ရှေ့တန်း ဝဲ - ယာ - ဦးပိုင်း (သန့်ရှင်းရေး)၊ ဦးထွန်း (အဖွဲ့ဝင်)၊ ဦးသန်းမောင် (အဖွဲ့ဝင်)၊ ဦးငြိမ်းသောင် (အဖွဲ့ဝင်)
ဦးစံပိုင်း (ဒုဥက္ကဋ္ဌ)၊ ဦးထွန်းရင် (ဥက္ကဋ္ဌ)

## "ဥဏ္ဏာလုံမွေရှင်တော်စေတီ"

ဥဏ္ဏာလုံမွေရှင်တော်စေတီတော်မြတ်သည် ရှေးဟောင်း သမိုင်းဝင် ဘုရားတစ်ဆူဖြစ်သည်။ မူရင်း ဒါယကာမှာ သီရိ ဓမ္မာသောကမင်း ဖြစ်၍ မြတ်စွာ ဘုရားရှင်၏ မျက်မှောင်တော်၌ ပေါက်ရောက်သော ဥဏ္ဏာလုံမွေတော်ဓါတ်ကို ဌာပနာထည့်သွင်းပူဇော် ခဲ့သဖြင့် ဥဏ္ဏာလုံမွေရှင်တော် ဟု ခေါ်ဆိုခဲ့ပါသည်။

ပုဂံခေတ်တွင် အနော်ရထာမင်းကြီးက ပြန်လည်ပြုပြင်၍ ထီးတော် တင်လှူခဲ့ပြီး ပုဂံမင်းဆက် အလောင်းစည်သူမင်းကြီးက ပြန်လည်မွမ်းမံ၍ ထီးတော် တင်လှူခဲ့ရာ ထီးတော်မှာ သုံးဆင့် ဖူးမြင်ရခြင်းဖြစ်ပါသည်။

သန်း ခါတ်ပုံ ၊ ကလေးမြို့ ။

www.burmeseclassic.com

www.burmeseclassic.com



နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**နိဒါန်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဗုဒ္ဓဘာသာ သာသနာတော်သည် ယခုအခါ နေရောင်လရောင်ပမာ ထွန်းတောက်ပွင့်လင်းလျှက်ရှိပါသည်။ စေတီပုထိုး ဂူကျောင်းစသည့် သာသနိကအဆောက်အအုံများသည် မြတ်စွာဘုရား သာသနာတော်အတွင်းဝယ် မြန်မာပြည်အနှံ့ အနယ်နယ်အရပ်ရပ်တွင် စည်ပင်ပျံ့နှံ့လာခဲ့ပေသည်။ အထူးသဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့လက်ထက်တွင် အသစ်တည်ဆောက်ခြင်း ၊ အဟောင်းကို ပြုပြင်ခြင်း တို့ကို အလေးပေးဆောင်ရွက်ခဲ့ရာ သာသနာတော်သည် ပို၍ပင် စည်ပင်ထွန်းကားလာခဲ့ပေသည်။

ရှေးမင်းများလက်ထက်ကတည်းက တန်ခိုးကြီးထင်ရှားသော စေတီပုထိုးဂူကျောင်း ဘုရားများကို ကိုးကွယ်ခဲ့ရာ ရှမ်းပြည်တောင်ပိုင်း ကလောမြို့နယ် မြင်းမထိကျေးရွာရှိ မြင်းမထိ လိုဏ်ခေါင်းနှင့် ဘုရားများမှာ ဆန်းကြယ်ထင်ရှားလှတော့သည်။

သဘာဝအလျှောက်ဖြစ်ပေါ်လာခဲ့သော ကျောက်လိုဏ်ခေါင်းကြီးနှင့် ဂူများအတွင်း၌ ရှေးနှစ်ပေါင်း (၂၃၀၀)ကျော်ကာလမှစတင်၍ ဘုရားများကို တည်ထားကိုးကွယ်ခဲ့သဖြင့် သမိုင်းဝင် ဥမင်လိုဏ်ခေါင်းနှင့် သမိုင်းဝင် ဘုရားများ ဖြစ်ပေတော့သည်။

ဤကဲ့သို့ ထူးခြားဆန်းကြယ်သော မြင်းမထိလိုဏ်ခေါင်းနှင့်ဘုရားများအား နိုင်ငံတော်အကြီးအကဲများက စိတ်ဝင်စားခဲ့သဖြင့် သမိုင်းအထောက်အထားကို ရှာဖွေလေ့လာခဲ့ရာ မြင်းမထိရွာ ဘုန်းတော်ကြီးကျောင်းဆရာတော်ထံမှ ကောဇာသက္ကရာဇ်(၁၂၆၇)ခုနှစ်တွင် ရေးသားမှတ်တမ်းတင်ထားခဲ့သော ရှစ်ကြောင်းရေး (၆)ရွက်ပါ ပေစာတစ်စောင်ကို ရရှိခဲ့လေသည်။



ယင်းပေစာတွင် မြင်းမထိဥမင်လိုဏ်ခေါင်းရှိ စေတီဘုရားများမှာ သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုများဖြစ်ကြောင်း ဆက်လက်၍ အနော်ရထာမင်းစောက ကောင်းမှုပြုခဲ့ကြောင်း အခိုင်အမာတွေ့ရှိရသည်။

သို့ပါ၍ လူသူအများ ဝင်ထွက်သွားလာ ဘုရားဖူး၍ရသော အဝင်ပေါက်မှသည် အထွက်ပေါက်အထိ (၁၀၂၈)ပေရှည်လျားသော မြင်းမထိဥမင်လိုဏ်ခေါင်းနှင့် ဘုရားများသမိုင်းကြောင်းကို ပေစာအထောက်အထား ၊ ဦးကုလား၏ မဟာရာဇဝင်ကြီး ၊ မှန်နန်းရာဇဝင်တော်ကြီး ၊ ဟံသာဝတီဦးဘရင် ရေး အနော်ရထာသမိုင်းကျမ်းများအရ ရေးသားပြုစုလိုက်ရခြင်း ဖြစ်ပေတော့သည်။

ox ox ox ox ox ox ox ox ox ox o

## မြင်းမထိဘုရားအာစ ၊ သီရိဓမ္မာသောကမင်းကြီးက

မဇ္ဈိမဒေသ ၊ ပါဋ္ဌလိပုတ်ပြည်၌ သာသနာသက္ကရာဇ်(၂၁၈)ခုနှစ်တွင် ဓမ္မာသောကမင်းကြီးသည် မင်းအဖြစ်သို့ ရောက်ရှိသည်။ ဗုဒ္ဓသာသနာတော်ကို ကြည်ညို၍ ချီးမြှောက်လိုသောအားဖြင့် ဓမ္မခန္ဓာရှစ်သောင်း လေးထောင်ရှိသည်ကို အထိမ်းအမှတ်ပြုလျှက် ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင် ၊ ကျောင်းပေါင်း ရှစ်သောင်းလေးထောင် ၊ စေတီပုထိုးပေါင်း ရှစ်သောင်းလေးထောင် ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ သာသနာသက္ကရာဇ် (၂၃၅)ခုနှစ်တွင် မောဂ္ဂလိပုတ္တတိဿထေရ်ကို အမှူးပြု၍ တတိယသင်္ဂါယနာတင်သည်။ သာသနာတည်မည့် အလားအလာရှိသော အရပ်(၉)ဌာနသို့ သာသနာပြုစေလွှတ်တော်မူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းမထိပေစာအရ (မြတ်ဘိ မွေတော်အစစ် ၊ ကြည့်သော် ထင်ရှား ဝေဓိမျှကိုင် ၊ ကြီးသားမြင်ထင် ၊ ဝေးကမြင်၏ ၊ တောင်ခွင်အတိ ၊ ကရင်ကြီးတည်း ၊ မြင်ဘိစောင့်ထား ၊ ပိုင်းခြားမြေပိုင် ၊ ရတ်မြိုင်တောက ၊ မြင်းလှတစ်စီး ၊ ထားဘိစောင့်ကျပ် ၊ ဘနပ်တော်တွင် ၊ နေစေချင်ဟု ၊ အောင်မြင်ဓမ္မာသောက ၊ ပြုထားကောင်းမှု ၊ များလှိုင် ၊ ဦးမှင်မှာတည်း ။ အတိဘုရားရှိ၏ ။ ဓမ္မာသောကဉစ္စာလည်း ဦးမှင် မှာတည်း။) ဟု ဓမ္မာသောကမင်းကြီး လှူဒါန်းခဲ့ကြောင်း မှတ်တမ်းတင်ထားခဲ့သည်။

ထိုမှတစ်ပါး (မြေချားသုံးပါး ၊ ထားတုံပြီးမှ ၊ ဌာနရတ်မြေ ၊ ပလောင်ပြည်တည်း ။ တူတချား ကောလပိစံ ၊ လက်ဘက်ချုံနှင့် ၊ ရောက်ထားလျက် ၊ ဘုရားမြတ်စွာ ၊ ဓမ္မာသောက ၊ ဘုရားရှိ လူတစ်ခု ၊ ခေါင်ရိတ်ဟူ၏ ။ ပလောင်ရွက်မြောက်ခွင် ၊ ရှေ့မော်ထူးတည်း။) ဟု ရေးသားပြုစုထားပါသည်။

(ပေစာထဲတွင်ရှိသည့်အတိုင်း သတ်ပုံကို မပြုပြင်ဘဲ ဖော်ပြပါသည်။)

ပလောင်ရွာဟူသည်မှာ ပင်လောင်းဖြစ်သည်။ မြင်းမထိမှ တောင်ဘက်သို့ ရေမြေခြားနေသည်ကို ကျော်လွန်ပါက ပင်လောင်းသို့ ရောက်ကြောင်း မြင်းမထိဉမင်ဌ်ရှိသော ဘုရားများမှာ ဓမ္မသောကမင်း၏ ကောင်းမှုများဖြစ်ကြောင်း ထင်ရှားပါသည်။

(သိန္နောမြောက်ကား ၊ အရှေ့တောင်ခြေရင်းတွင် ၊ ရေဝင်ဦးမှင်ရှိ၏။ ဟင်းသာတောင်မနီးမဝေးမြောက်က (မြင်းမထိ)ဟူ၍ ရှိ၏ ပတ်၍ဝင် ဉစ္စာမြင်၏။ မြင်းမထိအနောက်မြောက်က ၊ (မြင်းက) တောင်ဟူ၍ရှိ၏ ။ အရှေ့တောင်ထောင့်တွင် အင်းရှိ၏ ။ အင်းတော်က တောင်ထိပ်တွင် စေတီတစ်လုံးရှိ၏ ။ ရပ်တော်တစ်တောင့်ထွာ ၊ အုတ်လေးချပ် ၊ ဓမ္မာ



သောကမင်း ကောင်းမှုမွေတော်မြတ်သည် ၊ ဘုန်းရှိ တုမရှိတည်း ။ ဘုရားအရှေ့က ရေဝင်ဦးမှင်ရှိ၏ ။ ရေထဲတွင် ကိုးလန်ရှိ၏ ။ ဥုံနုလုံ ခေါ်လည်းရှိ၏ ။ ဓမ္မာသောကမင်း ကောင်းမှု ပေတည်း။) ဟု ခိုင်လုံစွာ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

သို့ပါ၍ "မြင်းမထိ ဂူဘုရားအစ သိရိဓမ္မသောကမင်းက" ဟူသော အဆိုတွင်လာခဲ့ခြင်းဖြစ်ပေသည်။

ပေစာတွင် ဖော်ပြထားသော မြင်းမထိတောင်ရှေ့တွင် စေတီ ၊ ၄င်းအနားတွင် ရေဝင်ဦးမှင်ရှိနေသည်။ တောင်ဘက်တွင် ပင်လောင်း ၊ မြောက်ဘက်တွင် မြင်းကရွာရှိပါသည်။ ယခု၄င်းရေရှိသည့်နေရာတွင် သံလှေကားတပ်ဆင်ပေးထားပြီးဖြစ်ပါသည်။ ဥုံနုလုံ (ဥဏ္ဏာလုံ)ခေါ်တည်ရှိသည့် ဘုရားသည် လှိုင်ခေါင်းထဲတွင် တည်ရှိနေပါသည်။ အရှင်မဟာကဿပမထေရ်၏ ရှေ့မှောက်တွင် ပေစာကို ရေးသားပြုစု၍ လုံခြုံစွာထိန်းသိမ်းပြီးနောက် အဆင့်ဆင့် မှတ်တမ်းတင်ခဲ့ရာ ဤပေစာအရ ကျောက်လှိုင်ခေါင်းမှာ ရှေးနှစ်ပေါင်းထောင်သောင်းကျော်ကတည်းက ဖြစ်တည်လာခဲ့ပြီး ဘုရားစေတီများမှာ လွန်ခဲ့သည့် နှစ်(၂၃၀၀)ကျော်ကတည်းက တည်ထားကိုးကွယ်ခဲ့သော ဓမ္မသောကမင်း၏ ကောင်းမှုဖြစ်ကြောင်း ခိုင်ခိုင်မာမာ သိရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဓမ္မာသောကာ၏ နောက်မှာ အနော်ရထာ

မြင်းမထိလှိုင်ဂူ ၊ လှိုင်ခေါင်းတို့တွင် စေတီဘုရားများ၏ အစအဦး ကောင်းမှုရှင်သည် သီရိဓမ္မသောကမင်းကြီးဖြစ်၍ နောက်ပိုင်းတွင် ဆက်လက်တည်ထားကိုးကွယ်သူမှာ ပုဂံအနော်ရထာမင်းဖြစ်သည်။

မြင်းမထိပေစာအရ (မင်းရှင်ပိုင်းခြား ၊ လူများတကာ ၊ မင်းမိန့်သာတည်း ။ ရှေ့မှာတမူ ၊ သံတောင်ဟူ၏ ။ တောင်မှာ အခြား ၊ အင်းတိန်ဘုရားတည်း ။ မြောက်မှာ သာလ ၊ ပင်းခုရတည်း ။ တောင်မှာ အတိ ၊ ကရင်ကြီးတည်း ။ မင်းသားလှုထား ၊ နတ်များတကာ ၊ ဝေချမ်းပါ၏ ။ မြောက်မှာတိကာ ၊ မြင်ဘိရွှေစေတီ ၊ ထူးမည် ရှုတ်ဆီဆင်းဝါ ၊ နော်ရထာမင်းစော ကောင်းမှုတည်း ။)ဟု သမိုင်းမှတ်တမ်းတင်ထားသည်။

အနော်ရထာမင်းစော (မြန်မာသက္ကရာဇ်-၃၇၉ - ၄၂၁)သည် ညောင်ရွှေ-အင်းတိန်သို့ ရောက်ရှိခဲ့ကြောင်း ဟံသာဝတီဦးဘရင် ရေး (အနော်ရထာ)စာအုပ်တွင် ဤသို့ဖော်ပြထားသည်။ (ကောဇာသက္ကရာဇ်-၄၁၆ ခုနှစ်မှာ ၊ အနော်ရထာမင်းစောသည် ၊ ညောင်ရွှေအင်းတိန်၌ ပေါရိသတ်ဘုရားကို တည်၍ နေပြည်တော်သို့ အပြန်တွင် သီရိဓမ္မာသောကမင်းကြီး တည်ခဲ့သော စေတီတော်တည်ရာဌာနသို့ ရောက်တော်မူလေ၏) ဟူ၍ ဖော်ပြထားပါသည်။

သာစည်မြို့နယ်ရှိ ရွှေယင်မှျော် (ရှေးအမည် မုတ္တော သို့မဟုတ် ရွှေမုဋ္ဌော)ဘုရားသမိုင်း၌ ပေါက်ကံရာဇာ အနော်ရထာသည် များစွာသော စစ်သည်ဗိုလ်ပါတို့နှင့် တိုင်းခွင်လှည့်လည်ရာ ညောင်ရွှေ-အင်းတိန်အရပ်၌ ပေါရိသတ်ဘုရားကို တည်ထားပြီးမှ ရမ်းပြည်မှ အောက်ကျင်းသို့ သက်ဆင်းလှည့်ရောက်ခဲ့ကြောင်း သက်သေထူလျှက်ရှိပေသည်။ သို့ပါ၍ မြင်းမထိ



လှိုင်ဂူဘုရား၏ ကောင်းမှုရှင်မှာ သီရိဓမ္မာသောကမင်း၏ နောက်မှာ အနော်ရထာဖြစ်ပေတော့သည်။

o-o-o-o-o-o-o-o-o-o-o-o

## ထင်ရှားလှသာ ၊ မြင်းမထိ

ကလောမြို့၏ အရှေ့တောင်(၄)မိုင်ခန့်၌ရှိသော မြင်းမထိတောင်ကြီးမှာ ပတ်ဝန်းကျင်ဒေသ၌ အမြင့်မားဆုံးသော တောင်ဖြစ်သည်။ ပြည်တွင်းပြည်ပခရီးသွားလျှင်နှင့် တောင်တက်သမားများ စိတ်ဝင်းစားစွာ တက်ရောက်လေ့ရှိသည့် တောင်ဖြစ်သည်။ ကလောမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် (၄၃၁၅)ပေအမြင့်တွင် ရှိ၍ မြင်းမထိတောင်သည် တောင်ခြေမှ (၁၀၇၅)ပေအမြင့်တွင် တည်ရှိပေသည်။

ရှေးသူဟောင်းများ ပြောစမှတ်ပြုခဲ့သည်မှာ တောင်ဘက်နားရှိ ရွာကြီးတစ်ရွာ အနီးတွင် ချိုင့်ကြီးအတွင်းမှ အင်အားကြီးမားသော မြင်းကြီးလေးကောင်ထွက်လာ၍ စိုက်ပျိုးထားသော ကောက်ပဲသီးနှံများကို စားသောက်ပစ်ကြကြောင်း ၊ ခြောက်လှန့်၍လည်း မရသဖြင့် ပုဂံပြည်ရှင် အနော်ရထာမင်းထံ အကူအညီတောင်းကြရသည်။ မင်းကြီးသည် ကျန်စစ်သား ၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး ဟူသော သူရဲကောင်းလေးဦးတို့အား စေလွှတ်လိုက်ရာ ၎င်းတို့သည် မြင်းကြီးများကို ရေသို့ ဆင်းအောင် ကြံ၍ ခုန်အုပ်ဖမ်းယူပြီး စီး၍ ရအောင် လေ့ကျင့်လျှက် ပုဂံနေပြည်တော်သို့ ယူဆောင်သွားခဲ့သည်။

www.burmeseclassic.com



မြင်းထွက်လာသော ရွာကို (မြင်းတွင်းရွာ) ဟုခေါ်သည်။ ယခုတိုင် ကလောမြို့နယ်နှင့် ပင်လောင်းမြို့နယ်အဝင်ရှိ ဘီလူးချောင်းအနီးတွင် တည်ရှိပါသည်။ မြင်းများထွက်မပြေးနိုင်ရန် ဝိုင်းဝန်းဖမ်းသည့်နေရာကို (မြင်းဝန်း) ဟုခေါ်တွင်ခဲ့ရာ ယခု (အင်းဝန်းရွာ)ဟူ၍ မြင်းမထိရွာ၏ အရှေ့ဖက် တစ်မိုင်ကျော်ခန့်တွင်ရှိနေပါသည်။ မြင်းများကို ဖမ်းယူ၍ ခရီးထွက်ခဲ့ရာ အလွန်မြင်းမားသော တောင်ကြီးကို တွေ့၏။ ကျန်စစ်သားသည် မြင်းကို စီး၍ ထိုတောင်ကို ခုန်ကျော်၏။ တောင်ကို ကျော်၍ တစ်ဖက်သို့ရောက်ရှိသဖြင့် ထိုတောင်ကို (မြင်းမထိတောင်)ဟုခေါ်တွင်သည်။ ကျန်စစ်သားသည် မြင်းမြေသို့ ခြေကျသည့်နေရာ၌ ခေတ္တနား၍ အနီးအနားတွင် တွေ့ရသော ရေတွင်းနားတွင် မြင်းကို လုန်၍ အစာစားစေ၏။ ထိုနေရာကို (မြင်းလုန်တောင်)၊ ထိုရေတွင်းကို (မြင်းလုန်တွင်း)ဟု ယနေ့တိုင် ခေါ်တွင်လျှက်ရှိသည်။ မြောက်ဖက်သို့ ဆက်လက်လာခဲ့ရာ တစ်နေရာတွင် မြင်းများ ခုန်မြူးသည်ကို အစွဲပြု၍ (မြင်းက) ရွာဟု တွင်ခဲ့သည်။ ယခု (မြင်းကရွာ) မှာ ကလောမြို့၏ အရှေ့မြောက် ယွန်းယွန်းနှစ်မိုင်ခွဲခန့်တွင် တည်ရှိနေပါသည်။ မြင်းများ ဒုန်းစိုင်းစီး၍ စီးကြသည့်နေရာကို (မြင်းစိုင်းကုန်း)ဟု ခေါ်တွင်ကြသည်။ ဆင်တောင်၏ အထက် မြင်းတိုက်ဘုတာ၏ မြောက်ဖက်တောင်ကုန်းတွင် (မြင်းစိုင်းကုန်း) တည်ရှိနေပါသည်။

မှန်နန်းရာဇဝင်တော်ကြီး စာမျက်နှာ(၂၃၆)၌ (တစ်ရံရောအခါ လက်ထုတ်အရပ်၌ ကြိုးကနှင့်တကွ မြင်းလေးစီးသည် လူတို့ ဖမ်း၍ လုံးဝ မရနိုင် ၊ အရှင်လည်းမရှိဟု အနော်ရထာမင်းကြီးအား နားတော်လျှောက်၏။ မင်းကြီးလည်း ကျန်စစ်သား ၊ ငထွေးရူး ၊ ငလုံးလက်ဖယ် ၊ ညောင်ဦးဖီး ဤသူရဲကောင်းလေးယောက်တို့ကို ရအောင်ဖမ်းချေဟု စေတော်မူ၏။ သူရဲ



လေးယောက်တို့သည် ခြံရဲလောင်းလုပ်၍ ရေသို့ ချပြီးလျှင် မြင်းလေးစီးလည်း ရေသို့ ကူးလေ၍ ကူးရာတွင် တက်၍စီးကြလေ၏ မြင်းကိုရပြီးသော် ဆောင်၍ မင်းကြီးအား ဆက်လေ၏။ မင်းကြီးလည်း ယင်းမြင်းလေးစီးကို သင်တို့ လေးယောက်မွေး၍ ငါ၏ အမှုတော်ကို ထမ်းဟု အပ်တော်မူလေ၏။ ထိုမြင်းလေးစီးတို့ကား နတ်မြင်းချည်းဖြစ်၍ အဖိုးအတိုင်းမသိထိုက်၏။) ဟူ၍ သမိုင်းမှတ်တမ်းတင်ထားရာ မြင်းမထိ ၊ မြင်းဝန်း ၊ မြင်းက ၊ မြင်းစိုင်းကုန်း ၊ မြင်းလုန်တောင် စသည့် သမိုင်းကို မှန်ကန်ကြောင်း သက်သေပြလျှက်ရှိပေသည်။

oxoxoxoxoxoxoxoxoxoxoxo

## မြင်းမထိလှိုင်ဂူဓါတ်ဆင်း ၊ သွားရာလမ်းကြောင်း

ရှမ်းပြည်တောင်ပိုင်း ကလောမြို့နယ်တွင် ကလော-အောင်ပန်း (၆)မိုင် ၊ ပြည်ထောင်စုလမ်းမကြီးပေါ်၌ ကလောမှ (၄)မိုင် ၊ အောင်ပန်းမှ (၂)မိုင်အကွာ၌ ပင်လောင်း ၊ ဖယ်ခုံ ၊ လွိုင်ကော်သို့ သွားသည့် ကားလမ်းရှိသည်။ လမ်းဆုံမှ ပင်လောင်းဖက်သို့ (၄)မိုင်ခန့်သွားလျှင် ထင်ရှားတည်ရှိ-မြင်းမထိ သို့ ရောက်၏။ ပင်လောင်းသို့သွားသည့်လမ်း၏ အရှေ့ဖက် မြင်းမထိရွာနှင့်တစ်ဆက်တည်း (၂)ဖာလုံခန့်ကွာဝေးသည့်နေရာတွင် ဂူများနှင့် လှိုင်ခေါင်းတည်ရှိရာ တောင်ကုန်းကို တွေ့ရသည်။ တောင်ကုန်း၏ မြောက်ဖက်ပိုင်းရှိ ဘုရားများကို ကားလမ်းမှပင်မြင်တွေ့ရသည်။ ရင်ပြင်၌ ဗုဒ္ဓရုပ်ပွားတော်ရှစ်ဆူ နှင့် ဓမ္မာသောကမင်းတည်ခဲ့သော စေတီကို ဖူးတွေ့ရ၏။ ထိုစေတီအနားရှိ တောင်ကုန်း၏ တောင်ဖက်ပိုင်းသို့ရောက်အောင် သွားနိုင်သည့် သဘာဝကျောက်သားလှိုင်ခေါင်းကြီးသည် ရှေးနှစ်ပေါင်းတော်သောင်း

www.burmeseclassic.com

www.burmeseclassic.com



မက အချိန်မှစ၍ တည်ရှိနေခဲ့သည်။ ကျောက်စက်ပန်းဆွဲများရှိလျက် ကျောက်စက်ရေများ အစဉ်ကျလျက်ရှိပါသည်။ သဘာဝရှုမောဖွယ် ၊ သဘာဝ အလှအပများကို တွေ့မြင်ရပါသည်။ လိုဏ်ခေါင်း၏ အလျားမှာ (၁၀၂၈)ပေ ရှိ၍ ဘေးတစ်ဘက်တစ်ချက်၌ လိုဏ်ဂူများ တည်ရှိနေပါသည်။ လိုဏ်ခေါင်းထဲ သို့ ယခင်က ရေဝင်သဖြင့် (ရေဝင်ဂူ) ဟုခေါ်တွင်သည်။ အထဲသို့ ဝင်သော ရေမှာ ဂူထဲရှိ ထူးပေါက်တစ်ခုထဲသို့ စီးဝင်၄တ်လျှိုးပျောက်ကွယ်သွားသည်။ လိုဏ်ခေါင်းထဲတွင် ဦးနုလုံရှင် ရုပ်ပွားတော်နှင့် စေတီများရှိသည်။ တောင်ကုန်း ၏ တောင်ဖက်ပိုင်းအရောက်တွင် ထွက်ပေါက်ရှိသည်။ ထိုထွက်ပေါက် တစ်ဝိုက် ၌ ရှေးဟောင်းရုပ်ပွားတော် (၂၈)ဆူ (နှစ်ကျိတ်ရှစ်ဆူ) နှင့် စေတီများကို ဖူးတွေ့ရသည်။ ရှေးနှစ်ပေါင်း (၂၃၀၀)ကျော်ကတည်းက တည်ထားကိုးကွယ် ခဲ့သည့် စေတီများ ၊ ရုပ်ပွားတော်များဖြစ်၍ လက်ရာမျက်မှာ ဆန်းပြားနေပေ သည်။

(၂၉-၅-၁၉၉၆)နေ့မှစ၍ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့က ဦးဆောင်လျက် ပြုပြင်မွမ်းမံတည်ဆောက်မှုများကို ဆောင်ရွက်ခဲ့ရာ ယခုအခါ လိုဏ်ခေါင်းအတွင်းသွားလာရန် လမ်းခင်းခြင်း ၊ ရေဝပ်သည့် နေရာများ၌ သံလှေကားများတပ်ဆင်ခြင်း ၊ ရုပ်ပွားတော်များ ၊ စေတီတော် များတွင် ရွှေသင်္ကန်းကပ်လှူခြင်း ၊ လျှပ်စစ်မီးထွန်းပေးခြင်း တို့ကို ဆောင်ရွက် ထားပါသည်။ ဆက်လက်၍ ဘုရားကြည်ညိုရန် နေရာများ ဆင်းတုရုပ်ပွား တော်များ တည်ထားကိုးကွယ်ရန် နေရာထိုင်ခင်းများကို ဆောင်ရွက်လျက်ရှိ သည်။ ကြည်ညိုဖွယ်အတိ ၊ မြင်းမထိ လိုဏ်ခေါင်းဘုရားစေတီများ လိုဏ်ခေါင်း နှင့် လိုဏ်ဂူများကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးသူ၊ လေ့လာသူ၊ နိုင်ငံခြား မှ ဧည့်သည်တော်များ လာရောက်ကြ၍ စည်းကားလျက်ရှိပါတော့သည်။



နှစ်စဉ် နှစ်တိုင်း တန်ခူးနှစ်သစ် (၈)ရက် ၊ သီတင်းကျွတ်လပြည့် ကျော်(၈)ရက်နေ့များတွင် ဘုရားပွဲတော် ကျင်းပကြသည်။

၀-၀-၀-၀-၀-၀-၀-၀-၀-၀-၀-၀-၀-၀-၀

## ရှေးဟောင်းသုတေသန၏ အတည်ပြုချက်

မြင်းမထိလိုဏ်ခေါင်းအတွင်းရှိ မြေများကို တူးထုတ်ရာတွင် တွေ့ရှိရ သော ကျိုးပြတ်နေသည့် ရုပ်ပွားတော်များ စုလစ်မွန်းချွန်းပါသော ရုပ်ပွားတော် နှင့် ရှေးဟောင်းအုတ်ချပ်တို့ကို ပုဂံ-ညောင်ဦးရှိ ရှေးဟောင်းသုတေသနသို့ ယူဆောင်၍ ပြသခဲ့ပါသည်။

စုလစ်မွန်းချွန်းပါရှိသော ရုပ်ပွားတော်မှာ (၁၈)ရာစုလက်ရာဖြစ် ကြောင်း ၊ ကျိုးပြတ်နေသော ရုပ်ပွားတော်များမှာ (၁၇)ရာစုထက် စောသော လက်ရာများဖြစ်ကြောင်း အုတ်ချပ်မှာ ပုဂံခေတ်လက်ရာတဲစ်နည်းအားဖြင့် အနော်ရထာမင်းတည်ခဲ့သော ဘုရားများမှ အုတ်ချပ်အတိုင်းဖြစ်ကြောင်း အတည်ပြုချက်ရရှိခဲ့ပေသည်။

သို့ပါ၍ မြင်းမထိဂူရှိ ဘုရားနှင့် သာသနိကအဆောက်အအုံများမှာ လွန်ခဲ့သော (၉၀၀)ကျော် အနော်ရထာမင်း၏ ကောင်းမှုဖြစ်ကြောင်း ပေါ်လွင် ထင်ရှားပါသည်။

ရက်စွဲ ၊ ၁၉၉၆-ခုနှစ်၊ စက်တင်ဘာလ(၇)ရက်။

ဘုရားသမိုင်း မှတ်တမ်းပြုစုရေးအဖွဲ့
ကလောမြို့။

www.burmeseclassic.com